# မြန်မာနိုင်ငံကြက်ခြေနီအသင်း

## သတင်းထုတ်ပြန်ချက် ၁/၂၀၂၁

## ၂၀၂၁ ခုနှစ်၊ မတ်လ (၂) ရက်

## နိုင်ငံတကာအသိအမှတ်ပြု ကြက်ခြေနီ အလံနှင့် အသင်းဝင်စေတနာလုပ်အားရှင်များ ထိခိုက် / ဖမ်းချုပ်ခံရခြင်းနှင့် လူနာတင်ယာဉ် ဖျက်ဆီးခံရခြင်း

၁။ လက်တလောအခြေအနေတွင် မြန်မာနိုင်ငံ မြို့ကြီးများအချို့၌ နိုင်ငံတကာအသိအမှတ်ပြု ကြက်ခြေနီ အလံနှင့် အသင်း၏ အရေးပေါ်လူနာတင်ယာဉ်များ ဖျက်ဆီးခံရခြင်း၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဝင် စေတနာလုပ်အားရှင်များ တိုက်ခိုက်ခံရခြင်းနှင့် မှားယွင်းစွာ ဖမ်းချုပ်ခံရခြင်း တို့ ဖြစ်ပွားခဲ့ပါသည်။

၂။ အသင်း၏ ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် ကြက်ခြေနီအခြေခံမူ(၇)ချက်နဲ့အညီ ရှေးဦးပြုစု စောင့်ရှောက်မှု အကူအညီပေးနေစဉ်အတွင်း အရေးပေါ်လူနာတင်ယာဉ်၊ ဆေးပစ္စည်းများနှင့် နိုင်ငံတကာ အသိအမှတ်ပြု အလံကို ဖျက်ဆီးခံရခြင်း၊ ကြက်ခြေနီစေတနာလုပ်အားရှင်များပါ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် မှားယွင်းစွာ ဖမ်းဆီးချုပ်နှောင် ခံရခြင်းများ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည့်အတွက် များစွာ ဝမ်းနည်းရပါသည်။ ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (International Humanitarian Law - IHL) နှင့်အညီ အကူအညီပေးနေသော မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင် စေတနာလုပ်အားရှင်များကို လေးစား ရန် နှင့် ပစ်မှတ်အဖြစ် မသတ်မှတ် သင့်ပါ။

၃။ ကြက်ခြေနီ လူနာတင်ယာဉ်တွင် နိုင်ငံတကာအသိအမှတ်ပြု ကြက်ခြေနီအလံ လွှင့်တင်ထားခြင်းနှင့်အတူ အသင်းက သတ်မှတ်ထားသည့် ကြက်ခြေနီ ဝတ်စုံကို ပြည့်စုံစွာ ဝတ်ဆင်ကာ အခြေခံမူ(၇)ချက်နှင့်အညီ ရှေးဦးပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြသော ကြက်ခြေနီ စေတနာလုပ်အားရှင်များ အန္တရာယ်ကင်းစွာ ကူညီဆောင်ရွက်နိုင်ရေး အသင်းဌာနချုပ် အနေနဲ့ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ နှင့်အညီ ကြိုးစားလုပ်ဆောင်လျှက်ရှိပြီး ကြက်ခြေနီ စေတနာ လုပ်အားရှင်များအတွက် လိုအပ်မည့် အထောက်အပံ့များကို ဆက်လက်ဖြန့်ဝေ ပေးပို့ သွားမည်ဖြစ်ပါသည်။

ထပ်မံသိရှိလိုပါက -

ပါမောက္ခဒေါက်တာထင်ဇော်စိုး၊ အထွေထွေအတွင်းရေးမှူး၊

ဖုန်း - (+၉၅) ၀၉ ၈၇၃၁၀၁၄၇၄

အီးမေးလ် - htinzawsoe@redcross.org.mm